
www.kidsofdestiny.org
Kids of Destiny®
Reaching the Next Generation

## များစွာဖမ်းမိခြင်း 2.06

## ရှင်လုကာ ၅:၁-၁၁

တစ်နေ့မှာ ယေရှုဟာ လူများစွာကို ဆုံးမသြဝါဒပေးနေတယ်။ ယေရှုဟာ ဆုံးမသြဝါဒပေးတာကို နှစ်သက်သလို လူတွေကလည်း သူ့ရဲ့သြဝါဒကို ခံယူနားထောင်ဖို့ နှစ်သက်နေကြပါတယ်။ တစ်နေ့မှာတော့ သူတို့ဟာအိုင်ဘေးနားမှာ ထိုင်နေကြပြီး၊ ယေရှုဟာသူတို့ရဲ့ ရှေ့မှာ ရပ်နေပါတယ်။ လူများတဲ့အတွက်ကြောင့် ယေရှုပြောတဲ့စကားတိုင်းကို ကြားနိုင်ဖို့အတွက် ယေရှုနဲ့ပိုနီးတဲ့နေရာရောက်ဖို့ ကြိုးစားရင်း တိုးဝှေ့တွန်းတိုက်မိကြတယ်။ အဲဒီပြဿနာကိုဖြေရှင်းဖို့ ယေရှုဘာလုပ်မလဲ? ပတ်ဝန်းကျင်ကိုကြည့်လိုက်တော့ ကမ်းနား မှာ ရပ်ထားတဲ့လှေနှစ်စင်းကို သူတွေ့တယ်။ လှေပေါ်မှာ တံငါသည်တွေမရှိကြဘဲ၊ ပိုက်ကွန်တွေဆေးလျှော်နေကြတယ်။ အဲဒါနဲ့အဲဒီ လှေတစ်စင်းပေါ်တက်ပြီး ပြောဖို့ယေရှု ဆုံးဖြတ်တယ်။ သူ့အသံကို လူတွေပိုပြီးကြားကြလိမ့်မယ်။ ဘယ်လောက်ကောင်းတဲ့ အကြံလဲ နော်

ကမ်းခြေကနေ လှေကိုနည်းနည်းခွာပြီး ရွှေ့ပေးဖို့ ရှိမုန်လို့အမည်ရတဲ့တံငါသည်ကို ယေရှုကပြောတယ်။ ရှိမုန်ရဲ့လှေထဲကယေရှုရဲ့ အသံကို လူတိုင်းကကြားနိုင်ပါပြီ။ အားလုံးကို သူမြင်ရပြီး၊ အားလုံးကိုသူဟောပြောနိုင်ပြီ။ လှေပေါ်မှာထိုင် ပြီးလူတွေကို သွန်သင် ဟောပြောပါတယ်။

ဆုံးမသြဝါဒပေးပြီးတဲ့အခါမှာ တံငါသည်ရှိမုန်ဖက်ကိုလှည့်ပြီး "ရေနက်ရာအရပ်ကို ရွှေ့ပြီးပိုက်ကွန်နဲ့ ငါးတချို့ကိုဖမ်း ပါ"လို့ ပြောလိုက်တယ်။

ရှိမုန်ဟာ အရမ်းမောပန်းနေတယ်။ သူနဲ့သူငယ်ချင်းတွေဟာ တညလုံးငါးဖမ်းကြပေမယ့် တစ်ကောင်မှမရခဲ့ကြဘူး။ ဒါပေမယ့် ရှိမုန်ဟာယေရှုကို ကျေနပ်စေဖို့ "ကျွန်တော်တို့ တညလုံးကြိုးစားပေမယ့် တစ်ကောင်မှမရခဲ့ဘူး။ ဒါပေမယ့် ကိုယ်တော့်စကားတော် ရှိရင် ကျွန်တော်တို့ထပ်ကြိုးစားပါမယ်" လို့ သူ့ကို ရှိမုန်ကပြန်ပြောခဲ့တယ်။

ရှိမုန်နဲ့သူ့ငယ်ချင်းတွေဟာ ယေရှုပြောတဲ့အတိုင်းလုပ်ကြတယ်။ ရေနက်တဲ့နေရာဆီကို သူတို့လှေနဲ့သွားကြတယ်။ သူတို့ ပိုက်ကွန်ကို ပိုနိမ့်အောင်ချလိုက်ကြတဲ့အခါ အံ့သြစရာပဲ။ သူတို့ရဲ့ပိုက်ကွန်ထဲမှာ ငါးတွေအများကြီးမိတယ်။ ပိုက်ကွန်ကို ဆွဲတင်ကြတယ်။ သူတို့ မိတဲ့ငါးတွေများပြီး လှေထဲမှာလေးလွန်းလို့ သူတို့ကိုလာကူညီဖို့အတွက် သူတို့အနားမှာရှိတဲ့လှေ တွေကိုခေါ် ကြတယ်။ တံငါသည်တွေ အားလုံး ကူညီပေးကြတဲ့အတွက် ငါးတွေကိုရှိမုန်ရဲ့လှေနဲ့အခြားလှေတွေထဲ ဆွဲတင် ပြီးထည့်နိုင်ခဲ့ကြတယ်။ သူတို့ရဲ့လှေတွေ နစ်လုမတတ် လှေအပြည့် ငါးတွေရခဲ့ကြတယ်။

ရှိမုန်ဟာယေရှုရဲ့ခြေရင်းမှ ဒူးထောက်ပြီး "ကျွန်တော်ဟာ အပြစ်များတဲ့သူဖြစ်တဲ့သူဖြစ်လို့ ကျွန်တော့်ဆီကနေ ထွက်သွားပါ" လို့ ပြောတယ်။ သူတို့ဖမ်းမိတဲ့ငါးတွေများလွန်းတဲ့အတွက်ကြောင့်မို့ သူနဲ့သူ့လုပ်ဖော် ယာကုပ်နဲ့ယောဟန်တို့ဟာ အရမ်းအံ့သြကြတယ်။

"မကြောက်နဲ့၊ အခုကစပြီး သင်ဟာလူကိုဖမ်းတဲ့တံငါဖြစ်လိမ့်မယ်" လို့ ရှိမုန်ကိုယေရှုက ပြောတယ်။ ရှိမုန်ရဲ့ရှေ့မှာ ဆက်ဖြစ်လာမယ့် အရာတွေအတွက် မကြောက်ဘဲ၊ သူ့ဘဝအတွက် ကြီးမားတဲ့အကြံအစည်ရှိကြောင်းကို ယေရှုက သိစေချင်တယ်။ ရှိမုန်နဲ့သူ့လုပ်ဖော် တွေဟာ သူတို့လှေတွေကမ်းနားရောက်ပြီးတာနဲ့ သူတို့ရဲ့တံငါသည်ဘဝတွေကို ထားခဲ့ပြီး ယေရှုရဲ့နောက်တော်လိုက်တွေ ဖြစ်လာ ကြတယ်။

## များစွာဖမ်းမိခြင်း - ဆရာလမ်းညွှန် 2.06

### အဓိကအချက်များ

၁) ယေရှုဟာ ဆုံးမသြဝါဒပေးရတာကို နှစ်သက်တယ်။ သူ့သြဝါဒတွေကို လူတွေဆီပြောပြရတာကို သူနှစ်သက်တယ်။ ဒီနေ့မင်းတို့ကို သင်ကြားပေးနေသလိုမျိုးပေါ့။ အဲဒီနေ့က လူတွေအများကြီးလာနားထောင်ကြလို့ သူတို့တွေပိုမြင်ရပြီး ပိုကြားရမယ့် နေရာတစ်ခုမှာ ရပ်ရင်ရပ်၊ ထိုင်ရင်ထိုင်းပြီး ပြောလို့ရမယ့်နေရာတစ်ခု ယေရှုလိုအပ်လာတယ်။ ငါပြောနေ တာ အားလုံးကြားကြလား? ငါ့ကိုအားလုံး တွေ့ရလား? ဟောပြောနေတာတွေကို မြင်ရပြီး၊ ကြားရရင် ပိုပြီးစိတ်ဝင်စားဖို့ ကောင်းတယ်လေ။

၂) လူတိုင်း ယေရှုကိုမြင်ရပြီး၊ ပြောတာကြားနိုင်ဖို့အတွက် လှေတစ်စင်းသုံးဖို့ယေရှုလိုအပ်တယ်။

၃) တံငါသည်တွေဟာ အရမ်းပင်ပန်းနေကြပြီ။ တညလုံးငါးဖမ်းခဲ့ကြတယ်။ တခါတလေ ငါတို့တွေအလုပ်အရမ်းလုပ်ရင် ပင်ပန်းကြ တယ်မဟုတ်လား? ယေရှုက သူတို့ရဲ့ငါးဖမ်းပိုက်တွေနဲ့နောက်တစ်ကြိမ်ထပ်ဖမ်းဖို့ပြောတဲ့အခါ ယေရှုပြောတဲ့စကားမို့ သူတို့လည်း နောက်တစ်ကြိမ်ထပ်ကြိုးစားကြတယ်။

၄) ကျွန်ုပ်တို့မသိတဲ့အရာတွေကို ယေရှုကသိတယ်။ သူ့ကို နာခံတာ ကောင်းတယ်။ ကျွန်ုပ်တို့အတွက် အကောင်ဆုံးသော အကြံအဉာဏ်တွေ သူ့မှာအမြဲရှိတယ်။

### မေးခွန်းများ

၁) အဲဒီနေ့က ယေရှုဆီကသြဝါဒကြားနာဖို့ လူတွေဟာ ဘယ်နေရာမှာ စုဝေးနေကြသလဲ?

၂) လူတိုင်းကြားနိုင်ဖို့အတွက် ယေရှုဘာလုပ်ခဲ့သလဲ?

၃) တံငါသည်တွေကို ဘာလုပ်ဖို့ ယေရှုပြောသလဲ?

၄) ယေရှုမိန့်ကြားစကားအတိုင်း တံငါသည်တွေ သူတို့ပိုက်ကွန်တွေနောက်တစ်ကြိမ်ချတဲ့အခါ ဘာဖြစ်လာသလဲ?

၅) ယေရှုက ရှိမုန်ကို ဘာပြောခဲ့သလဲ? အဲဒါက ဘာကိုဆိုလိုသလဲ?

### အဖြေများ

၁) သူတို့ဟာ အိုင်ဘေးနားမှာ စုဝေးကြပါတယ်။

၂) ယေရှုက လှေကိုသုံးပါတယ်။

၃) ယေရှုက သူတို့ငါးဖမ်းပိုက်ကွန်တွေကို ပြန်ချဖို့ တံငါသည်တွေကိုပြောခဲ့ပါတယ်။

၄) လှေနှစ်စင်းနဲ့သယ်ဖို့ ငါးတွေအပြည့်သူတို့ ရကြပါတယ်။

၅) ယေရှုက ရှိမုန်ကို ငါးအစားလူကိုဖမ်းသောသူ ဖြစ်မယ်လို့ပြောခဲ့တယ်။ ရှိမုန်ဟာ ယေရှုနဲ့အတူသွားပြီး၊ သူနဲ့အတူယေရှုဟာ လူတွေကိုဘုရားသခင်အကြောင်းပြောပြတယ်။

### ရှင်လုကာ ၅:၁-၁၁

ယေရှုစကားကိုပေတရုနားထောင်ခဲ့သလို ကျွန်ုပ်တို့ဟာလည်း နာခံကြမယ်ဆိုရင်၊ ကျွန်ုပ်တို့ဘဝမှာ ကောင်းချီးရမှာ ဖြစ်ပါတယ်။

Kids of Destiny®
Reaching the Next Generation



www.kidsofdestiny.org